## ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် အစိုးရ

## စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန

## ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

## တနင်္သာရီမြို့နယ်

## လူထုဗဟိုပြု စီမံကိန်း

## National Community Driven Development Project

## (NCDDP)



# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

# Village Development Plan (VDP)


## မြရာချောင်းကျေးရွာ ၊တကူအုပ်စု၊

၂၀၁၆ ခုနှစ် တနင်္သာရီမြို့


မာတိကာ


| | | |
|---|---|---|
| ၁။ | မြို့နယ်မြေပုံ | ၃ |
| ၂။ | ကျေးရွာအုပ်စုပြမြေပုံ(တည်နေရာ) | ၄ |
| ၃။ | အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း | ၄ |
| ၄။ | ကျေးရွာအခြေခံအချက်အလက်များ | ၅ |
| ၅။ | လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား | ၆ |
| ၆။ | ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ | ၇ |
| ၇။ | ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ | ၂၀ |
| ၈။ | ကော်မတီဝင်များစာရင်း | ၂၁ |
| ၉။ | ကျေးရွာအချက်အလက်(ပုံစံ-၁) | ၂၂ |
| ၁၀။ | စီမံကိန်းစက်ဝန်းအချိန်ဇယား(ပုံစံ-၂) | ၂၅ |
| ၁၁။ | ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ်(ပုံစံ-၃) | ၂၆ |
| ၁၂။ | ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း(ပုံစံ-၄) | ၂၈ |
| ၁၃။ | အစည်းအဝေးတက်ရောက်သူများစာရင်း(ပုံစံ-၁၂) | ၂၉ |

# ၁။ တနင်္သာရီမြို့နယ်ပြ မြေပုံ



## ၂။တကူအုပ်စုပြမြေပုံ



## ၃။ တကူအုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း

တကူအုပ်စုတွင်ပါဝင်သောကျေးရွာများမှာကော်တောကျေးရွာ၊ကိုးအင်းကျေးရွာ၊ကျောက်စရစ်ကျေးရွာ၊ တိုက်ကမ်းကျေးရွာ၊မြရာချောင်းကျေးရွာ၊တကူရွာမကျေးရွာ၊တကူအလယ်ပိုင်းကျေးရွာ၊လမိုင်းကော့ကျေးရွာ၊အင်းရှည်ကုန်းကျေးရွာ၊ဝမ်းနာကျေးရွာ၊တကူငယ်ကျေးရွာ၊သံတိုက်ကျေးရွာ၊ပြည်အေးကျေးရွာ စံပယ်ကုန်းကျေးရွာ။

## ၄။ ကျေးရွာအခြေခံအချက်အလက်များ

မြရာချောင်းကျေးရွာသည် တကူကျေးရွာအုပ်စု၏ အရှေ့ဘက် (၁) မိုင်အကွာတွင် တည်ရှိသော လူဦးရေ(၄၈၈)ခန့်၊အိမ်ခြေ(၉၅)ခန့်ရှိသောကျေးရွာတစ်ရွာဖြစ်ပါသည်။ကျေးရွာတွင်အဓိကနေထိုင်သောလူဦးရေများမှာ ဗမာလူမျိုးများဖြစ်ကြပါသည်။

ကျေးရွာ၏ အဓိကစီးပွားရေးမှာသီဟိုဠ်၊လယ်၊ ကွမ်းခြံနှင့်ရော်ဘာခြံ လုပ်ငန်းတို့ဖြစ်ပါသည်။ မိုးရာသီတွင် ရေကြီးခြင်းကို ကြုံတွေ့ရတတ်ပါသည်။


ကျေးရွာတွင်မူလတန်းစာသင်ကျောင်းနှစ်ကျောင်းနှင့်ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းသာရှိပါသည်။ကျေးရွာသို့သွားရန်အဓိကအားထားရသောယာဉ်မှာမော်တော်ဆိုင်ကယ်ဖြစ်ပါသည်။စက်လှေငယ်များဖြင့်လည်းသွားလာနိုင်ပါသည်။

## ။ လူထု ပူးပေါင်းပါဝင်သော လူမှု ဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည် အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေး ချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | လူမှု/စီးပွားရေးအဆင့် သတ်မှတ်ခြင်း<br><br>(Wealth Ranking) | 2.3.2016 | ချမ်းသာ၊ အလယ်လတ်၊ ဆင်းရဲအုပ်စုများ | 28 | 35 | 63 | ကျေးရွာလူထုအတွင်းရှိထိခိုက်လွယ်သူများအရေအတွက်ကိုသိရှိရန် နှင့် လုပ်ငန်း၏ အကျိုးခံစားမှုတွင် ၄င်းတို့၏ ဦးရေးပါဝင်မှုကို သိရှိရန်အတွက် ကြွယ်ဝမှု အဆင့်သတ်မှတ်ခြင်းကိုကျေးရွာသူ/သားများ၏ သဘောတူညီချက်ဖြင့် ဆွေးနွေးမှု ပြုလုပ်ခဲ့ပါသည်။ |
| ၂ | ရာသီခွင်ပြက္ခဒိန်<br>( Seasonal Calendar) | 3.3.2016 | ကော်မတီဝင်များ နှင့်ကျေးရွာလူထု | 28 | 35 | 63 | ကျေးရွာလူထု၏စားသောက်ရှားပါးသောကာလ၊ ရေရှားပါးသောကာလ၊ ရာသီပေါ်သီးနှံကာလ၊ လယ်လုပ်ခြင်း၊စပါးရိတ်ခြင်းကွမ်းသီးခူးကာလ သီဟိုသီးခူးကာလ၊ရေကြီးကာလစသည်တို့ ကိုဆွေးနွေးခဲ့ပါသည်။ |
| ၃ | ကျေးရွာလူမှုရေး၊ သံယာဇာတပြမြေပုံ<br>(Social Map &<br>Resource Map) | 2.3.2016 | ကျေးရွာလူထု | 28 | 35 | 63 | အခြေခံဆောက်အုံ၊ လယ်ယာ နှင့် ဥယျာဉ်ခြံ၊ ချောင်းနှင့် တံတား၊ လမ်းပန်းဆက်သွယ်ရေးခြေနေနှင့်တောတောင်ေ ရမြေ သဘာဝ ပြမြေပုံကိုရေးဆွဲခဲ့ပါသည်။ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၄ | ပြဿနာသစ်ပင် (Problem Tree) | 3.3.2016 | ကော်မတီဝင်များနှင့်ကျေးရွာလူထု | 28 | 35 | 63 | တက်ရောက်သူများနှင့်ပြဿနာများကိုအတူတကွဖော်ထုတ်ဆွေးနွေးခဲ့ရာမီးအခက်အခဲ နှင့် လမ်းပန်းဆက်သွယ်ရေးခက်ခဲများတူညီစွာထွက်လာပါသည်။ |
| ၅ | ပင့်ကူအိမ်ကွန်ယက် (Spider Web) | 3.3.2016 | ကော်မတီဝင်များနှင့်ကျေးရွာလူထု | 28 | 35 | 63 | အမျိုးသား/သမီးများ၏ အခွင့်ရေးတန်းတူညီမျှရှိမှု/မရှိမှု၏အကြောင်းရင်းများကိုလည်းထည့်သွင်းဆွေးနွေး ခဲ့ကြသည်။ |
| ၆ | အဖွဲ့စည်းချိတ်ဆက်ပုံ (Venn Diagram) | 2.3.2016 | ကျေးရွာလူထု | 28 | 35 | 63 | ကျေးရွာများနှင့်အတူကျေးရွာအတွင်းရှိအဖွဲ့အစည်းများ၊ ပြင်ပအဖွဲ့အစည်းများနှင့် မည်ကဲ့သို့ ချိတ်ဆက် လုပ်ဆောင်နေမှုများကိုဆွေးနွေးခဲ့ကြပါသည်။ |
| ၇ | ကျေးရွာ၏ (၅) နှစ်စာဦးစားပေးစီစဉ်ပြဇယား (Metric Ranking) | 3.3.2016 | ကော်မတီဝင်များနှင့်ကျေးရွာလူထု | 28 | 35 | 63 | ကျေးရွာလူထု၏ အဓိကလိုအပ်ချက်ကိုဖော်ထုတ်ပြီးဦးစားပေးလုပ်ငန်းများကိုဆွေးနွေးခဲ့ကြသည်။ |

## ၆.၁။ ဥစ္စာဓနကြွယ်ဝမှု အဆင့် သတ်မှတ်ခြင်း



*ဥစ္စာဓနကြွယ်ဝမှု အဆင့် သတ်မှတ်ခြင်းအပေါ်သုံးသပ်ချက်များ*

| ချမ်းသာ | အလယ်အလတ် | ဆင်းရဲ |
|---|---|---|
| ကျေးရွာလူထုမှ ချမ်းသာသည်ဆိုသည့် သတ်မှတ်ချက် ကို ဆွေးနွေးရာတွင် မိမိတို့ရွာတွင် နေ ထိုင်သူများမှာ ချမ်း သာသူများမရှိ ကြောင်းသတ်မှတ်ပါသည်၊ | အလယ်အလတ်ဆင့်ကိုသတ်မှတ်ရာတွင် ဥယျာဉ်ပိုင်ဆိုင်မှု(၂)ဧက /(၃) ဧက၊ဆိုင်ကယ်၊ပျဉ်ထောင် အိမ်ပိုင်သူနှင့် တိုက်အိမ်ပိုင်သူများ ကိုသတ်မှတ်ပါသည်။ | ထိခိုက်လွယ်သူများ (ဆင်းရဲ) ကိုသတ်မှတ်ရာတွင် ၄င်းတို့သည် ဆိုင်ကယ်၊ ဂါးအိမ်နှင့်သစ်အိမ်ပိုင်သူများ ကိုသတ်မှတ်ပါသည်။ |


## ၆.၂။ ရာသီခွင်ပြက္ခဒိန်



*ရာသီစွင်ပြက္ခဒိန်အကြောင်းကိုဆွေးနွေးသုံးသပ်ရာတွင် အောက်ပါတို့ကိုတွေ့ရှိခဲ့ပါသည်။*

| | |
|---|---|
| - ကွမ်းသီးခြောက်လုပ်ကာလ | - ကျေးရွာ၏ အဓိကစီးပွားရေးလုပ်ငန်းမှာကွမ်းသီး နှင့် သီဟို ဖြစ်ပါသည်။ ရွာသူ/သားများသည် တန်ဆောင်မုန်လမှပြာသိုလ၊တပိုးတွဲလများအထိလုပ်ကိုင်ကြပြီး<br>- ငွေရအများဆုံးကာလဖြစ်သည်။<br>- ငင်ငွေနည်းသည့် ကာလများမှ တန်ခူးလ၊ကဆုန်လမှ ဂါခေါင်လ အထိဖြစ်ပါသည်။ |
| - လယ်လုပ်ကာလ | - တန်ပိုးတွဲ၊တပေါင်းမှ သီတင်းကျွတ်၊တန်ဆောင်မုန်း<br>- လများအထိဖြစ်ပါသည်။ |
| - သီဟိုသီးကောက်ကာလ | - တန်ပိုးတွဲ တပေါင်းကာလများသည် သီဟိုစေ့ရှူးသည့်<br>- ကာလများဖြစ်သည်။ |
| - ရေကြီးသောကာလ | - ဂါဆို၊ဂါခေါင်ကာလများသည် ထိုရွာ၏ရေကြီးသော<br>- ကာလများဖြစ်သည်။ |

## ၆.၃။ ကျေးရွာလူမှုရေးပြသံယာဇာတပြမြေပုံ



မြရာချောင်းကျေးရွာသည် တကူအုပ်စုမှ အရှေ့ဖက် ၁ မိုင်အကွာတွင်တည်ရှိပါသည်။ မော်တော်ဆိုင်ကယ်ဖြင့်သော်လည်းကောင်း၊လှေလမ်းခရီးဖြင့်လည်ကောင်းသွားလာနိုင်ပါသည်။

ရွာ၏တောင်ဖက်တွင်တိုက်ကမ်းကျေးရွာ၊မြစ်၏အနောက်ဖက်တွင်တကူရွာမကျေးရွာ၊တကူသံတိုက်ကျေးရွာ၊ပြည်အေးကျေးရွာတို့ဖြင့်ဂန်းရံလျှက်ရှိပါသည်။

ရွာတွင်အဓိကနေထိုင်သည့်လူမျိုးများမှာဗမာလူမျိုးများဖြစ်ကြပြီးကွမ်းသီးခြံလုပ်ငန်းနှင့်ရော်ဘာလုပ်ငန်းတို့ဖြင့် အသက်မွေးဂမ်းကျောင်းပြုကြပါသည်။

ထိုရွာတွင် ကိုယ်ထူကိုယ်ထ တံတားနှစ်ဆောင်ရှိပြီး မူလတန်း စာသင်ကျောင်းနှစ်ကျောင်းနှင့် ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းသာရှိပါသည်။


## ၆.၄။ ပြဿနာသစ်ပင်



*ပြဿနာသစ်ပင် သုံးသပ်ခြင်း*

ပြဿနာကိုလေ့လာဆန်းစစ်ရာတွင် ရွာသူ/ရွာသားများသည် မိမိတို့ကျေးရွာတွင် လမ်းမကောင်းခြင်းကြောင်း ဖြစ်ပေါ်လာနိုင်သော အကျိုးတရားများနှင့် လမ်းမကောင်းရခြင်း၏ အကျိုးတရားများကို ဆွေးနွေးကာ ပြဿနာကို ဘယ်လိုထိန်းချုပ်ရမယ် ၊ဘယ်လိုပြုပြင်ရမယ်ဆိုတာကို ဆွေးနွေးအဖြေရှာခဲ့ပါသည်။

၆.၅။ ပင့်ကူအိမ်ပြ မြေပုံ



## သုံးသတ်ချက်

ပင့်ကူအိမ်ပြမြေပုံဆွေးနွေးမှုများကိုလေ့လာဆန်းစစ်ရာတွင် အမျိုးသား နှင့် အမျိုးသမီးများ၏ အခွင့်အရေးများကို နှိုင်းယှဉ်ရာတွင် အမျိုးသားများအခွင့်အရေးမှာအမျိုးသမီးအခွင့်အရေးများထက် လုံခြုံမှု၊ဦးဆောင်နိုင်မှုနှင့်အလုပ်အကိုင်အခွင့်အလမ်းများလုပ်အားခများတွင်သာမကိစ္စတော်တော်များ များတွင်သာနေသည်ကိုတွေ့ရပါသည်။


### ၆.၆။ Venn ချိတ်ဆက်မှုပြ မြေပုံ




သုံးသတ်ချက်

ချိတ်ဆက်မှုပြမြေပုံကိုလေ့လာဆန်းစစ်ရာတွင် ကျေးရွာလူထုများသည် ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ချိတ်ဆက်မှုအားအကောင်းဆုံးဖြစ်သည်။ ထို့ပြင် သာသာရေးကိစ္စရပ်များတွင် ဂေါပက၊ လူငယ်အသင်း၊မိန်းမကြီးအဖွဲ့၊အိမ်ထောင်ငယ်အဖွဲ့၊ကာလသားအဖွဲ့၊ကာလသမီးအဖွဲ့တို့နှင့်ချိတ်ဆက်မှု ရှိသည့်အပြင် NLD၊ ပြည်ခိုင်ဖြိုးနှင့်လည်းရပ်ရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အတူအကွ ပူးပေါင်းလုပ်ကိုင်မှု ရှိကြောင်းတွေ့ရပါသည်။

## ၆.၇။ အခက်အခဲအတားဆီးများ







အခက်အခဲအတားဆီးများအပေါ် သုံးသပ်ခြင်း

အခက်အခဲအတားဆီးများ ကိုသုံးသပ်ရာတွင် အမျိုးသားများတင်ပြသော အခက်အခဲနှင့် အမျိုးသမီးများတင်ပြသည့် တူညီသော ခက်ခဲများမှာ ရွာလမ်းများမကောင်းခြင်းကြောင့် သွားရေးလာရေးများ ခက်ခဲခြင်း နှင့် အမျိုးသမီးသမီးများမှ လည်းဖုန်ထူမှုကြောင့် ကျန်းမာရေးကိုပင်ထိခိုက်ကြောင်းတင်ပြခဲ့သည်။ ထို့ပြင် ၄င်းတို့မှ မီးမရှိသည့်တွက် အမျိုးသမီးများသွားလာရေးတစ်ချို့တွက် လုံခြုံမှုမရှိခြင်း၊ သောက်ရေရှားပါးခြင်းတို့ဖြစ်ပါသည်။ အမျိုးသမီးများမှ တင်ပြသောခက်ခဲတွင် စာကြည့်တိုက်မရှိသဖြင့် ဗဟုသုတနည်းပါးသည် ဟုတင်ပြလာပါသည်။

## ၆.၈။ ကျေးရွာ၏ အနာဂတ်မျှော်မှန်းချက်များ





ကျေးရွာ၏ အနာဂတ်မျှော်မှန်းချက်ပေါ် သုံးသပ်ချက်

အနာဂတ်မျှော်မှန်းချက်များကိုချမှတ်ရေးဆွဲပြီးဆွေးနွေးရာတွင်လည်းအမျိုးသားများတင်ပြသည့် အချက်နှင့် အမျိုးသမီးများတင်ပြသည့် အချက်မှာ များသောအားဖြင့်တူညီနေသည်ကိုတွေ့ရပါသည်။ ၄င်းတို့မှာ ရွာလမ်းသည် ကွန်ကရစ်လမ်းဖြစ်ရန်၊၂၄ နာရီလျှပ်စစ်မီးလင်းရန်တရွာလုံးသောက်သုံးရေ လုံအလောက်ရရှိရန်၊ကျေးရွာစာကြည့်တိုက်များရှိလာစေရန် ကျေးရွာဆေးပေးခန်းများရှိလာရန် အားကစားကွင်းများရှိလာစေရန် နှင့် အမျိုးသားများဖက်မှ စာသင်ကျောင်းမျက်နှာကျက်ပြုပြင်ရန် တို့ဖြစ်ကြပါသည်။

## ၇။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ


ကော်မတီဝင်များ၏မှတ်တမ်းဓါတ်ပုံ



*ရွာသူရွာသားများမှ ကျေးရွာဦးစားပေးလုပ်ငန်းခွဲများအတွက်မဲပေးရွေးချယ်ရာတွင်စီတန်းနေပုံ*




## ၈။မြရာချောင်းကျေးရွာ ကော်မတီဝင်များစာရင်း





တကူကျေးရွာအုပ်စု စိမ်းလန်းလုပ်ငန်းရွေးချယ်ခြင်းပုံစံ

| | ကျေးရွာအမည် | ဆောင်ရွက်မည့်လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်းတိုက်ရိုက်အကျိုးခံစားခွင့်ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် | |
|---|---|---|---|---|---|---|---|
| | | | | | | စိမ်းလန်း | |
| ၁ | တကူရွာမ | အဝီစိတွင်း | - | တစ်ရွာလုံး | ကျား+မ | ၈၀ သိန်း | |
| ၂။ | တကူအလယ်ပိုင်း | စာသင်ကျောင်း ပြုပြင် (မူကြိုအကျက်) | အလျား ၉၀ အနံ ၃၀ | ကျောင်းသား + ကျောင်းသူ ၁၀၀ဦး | ကျား+မ | ၈၀ သိန်း | |
| ၃။ | လမိုင်းကော့ | စာသင်ကျောင်း ပြုပြင် (အကာ) | အလျား ၉၀ အနံ ၃၀ | ကျောင်းသား + ကျောင်းသူ ၁၀၀ ကျော် | ကျား+မ | ၅၀ သိန်း | |
| ၄။ | အင်းရှည်ကွင်း | ရေ (လက်တူးတွင်း) ကန်ဖြင့်ရေဖြန့်ဝေ | ၁ တွင်း | တစ်ရွာလုံး | ကျား+မ | ၁၂၀ သိန်း | |
| ၅။ | အ-ထ-က-တကူ အုပ်စု | ခြံစည်းရိုး (အ-ထ-က) စာသင်ကျောင်း | ကွင်းကျယ် တိုင်းသံဆူးကြိုး | ကျောင်းသား ကျောင်းသူအားလုံး | ကျား+မ | ၂၈ သိန်း | |
| ၆။ | ဝင်းနားကျေးရွာ | စာသင်ကျောင်း မူကြိုအကျက်ပြုပြင် | အလျား ၁၂၀ အနံ - ၃၀ | ကျောင်းသူ/သား ~ ၁၀၀ ဦး | " | ၇၀ သိန်း | |
| ၇။ | ကော်တော်ရွာ | စာသင်ကျောင်း မူကြိုအကျက်ပြုပြင် | အလျား ၉၀ အနံ - ၃၀ | ကျောင်းသူ/သား ၈၀ ဦး | " | ၈၀ သိန်း | |
| ၈။ | တကူယယ် | လျှပ်စစ်မီး | ကီလို ၂၀ | တစ်ရွာလုံး | " | ၈၀ သိန်း | |
| ၉။ | ကိုးအင်း | စာသင်ကျောင်း လမ်း | အလျား ၂၀၀ အနံ - ၆ | ကျောင်းသူ/သား ၁၀၀ ဦး | " | ၈၀ သိန်း | |
| ၁၀ | ကျောက်စရစ် | စာသင်ကျောင်း မူကြိုအကျက်ပြုပြင် | အလျား ၁၂၀ အနံ - ၃၀ | ကျောင်းသူ/သား ၁၅၀ ဦး | " | ၇၅ သိန်း | |
| ၁၁ | ထိုက်ကမ်း | ဆေးခန်း သွားလမ်း ပေ(၄၀၀) | အလျား ၄၀၀ အနံ ၁၀ | လူဦးရေ ၉၀% | " | ၅၀ သိန်း | |
| ၁၂ | သံတိုက် | ပေါင်းကူး ရေလွှဲ မြောင်းကမ်းနားလမ်း | ပေါင်းကူး ၃၃ ကမ်းနားလမ်း အလျား ၃၀၀-၃၅၀ | လူဦးရေ ၉၀ % | " | ၁၀၀ သိန်း | |
| ၁၃ | မြကချောင်း | စာသင်ကျောင်း ပြုပြင် | အလျား ၉၀ အနံ - ၃၀ | ကျောင်းသား ကျောင်းသူ အားလုံး | " | ၈၀ သိန်း | |
| ၁၄ | ဖလံအေး | လမ်း (ကွင်းကျယ်) | အလျား ၁၀၀ အနံ - ၁၂ | လူဦးရေ ၇၀ % | " | ၈၄ သိန်း | |
| ၁၅ | ဝံပယ်ကွင်း | စာသင်ကျောင်းပြုပြင် မူကြိုအကျက် | အလျား ၉၀ အနံ ၃၀ | ကျောင်းသား/သူ အားလုံး | " | ၈၈ သိန်း | |
| | | | | | | | |

## ၉။ ကျေးရွာအချက်အလက်(ပုံစံ-၁)







လူထုဝယ်ဟိုပြုစီမံကိန်း၊စီမံကိန်းလက်စွဲ
အပိုင်း-၃ ၉၉.၂၀၁၅

ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

ဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ(သို့)ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။


(၁)-----------------------------

(၂)-----------------------------

ကျေးရွာခေါင်းဆောင် — အမည် / လက်မှတ် / နေ့စွဲ 25.3.2014

လူထုစည်းရုံးရေးမှူး — အမည် / လက်မှတ် / နေ့စွဲ 25.3.2014

## ၁၀။ စီမံကိန်းစက်ဝန်းအချိန်ဇယား(ပုံစံ-၂)




လူထုဗဟိုပြုစီမံကိန်း၊စီမံကိန်းလက်စွဲ
အပိုင်း-၃ ၉.၉.၂၀၁၅


**ပုံစံ ၀-၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)**

| | | | |
|---|---|---|---|
| လမ်းညွှန်ချက်-သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာနည်းပညာမှူးများမှ အတွက်ဤပုံစံကိုဖြည့်သွင်းရမည်။ | စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီ | ပြီးစီးတိုင်းကျေးရွာနှင့် | ကျေးရွာအုပ်စု |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် - [illegible] | | | |
| နေ့စွဲ - 25.3.2016 | စက်ဝန်းအားအမှတ်ခြစ်ပါ ☑ စက်ဝန်း(၁) ☐ စက်ဝန်း(၂) ☐ စက်ဝန်း(၃) ☐ စက်ဝန်း (၄) | | |
| ပြည်နယ်/တိုင်း - တနင်္သာရီ | မြို့နယ် - တနင်္သာရီ | ကျေးရွာအုပ်စု - တကူ | ကျေးရွာ - မြရာချောင်း (တကူ [illegible]) |


| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသားအရေအတွက် | အမျိုးသမီးအရေအတွက် | အိမ်ထောင်စုအရေအတွက် | လူမျိုးစုတက်ရောက်သူအရေအတွက်နှင့် လူမျိုးစုအမည် |
| ၁. ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | 25.3.2016 | 25.3.2016 | 28 | 35 | 63 | |
| ၂. ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်းအစည်းအဝေး | 26.3.2016 | 25.3.2016 | 28 | 35 | 63 | |
| ၃. ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့်အစည်းအဝေး | 30.3.2016 | 30.3.2016 | 14 | 14 | 28 | [illegible] |
| ၄. မြို့နယ်အဆင့်စီမံကိန်းရေးဆွဲရေးနှင့်အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်းသုံးသပ်မှုအစည်းအဝေး | | | မလို | မလို | မလို | မလို |
| ၅. မြို့နယ်စီမံကိန်းရေးဆွဲရေးနှင့်အကောင်အထည်ဖော်ရေးကော်မတီ၏ဆုံးဖြတ်မှုကို ရွာသို့အသိပေးအကြောင်းကြားသည့်အစည်းအဝေး | | | | | | |
| ၆. စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်းအစည်းအဝေး | မလို | မလို | မလို | မလို | မလို | မလို |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၆.၂။ ဝယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | |

# ၁၁။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ်(ပုံစံ-၃)






## ၁၂။ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း(ပုံစံ-၄)




တကူကျေးရွာအုပ်စု စီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ

| | ကျေးရွာအမည် | ဆောင်ရွက်မည့်လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်းတွက်ချက် အကျိုးခံစားရမည့်သူများ | အဆိုပြုတဲ့ တစ်ဖြန့် | ခန့်မှန်းကုန်ကျစရိတ် စီမံကိန်း | |
|---|---|---|---|---|---|---|---|
| ၁ | တကူရွာမ | အဝီစိတွင်း | - | တစ်ရွာလုံး | ကျား+မ | ၈၀ သိန်း | |
| ၂။ | တကူအလယ်ပိုင်း | စာသင်ကျောင်း မူလတန်း (မူကြိုအကျက်) | အလျား ၉၀ အနံ ၃၀ | ကျောင်းသား + ကျောင်းသူ ၁၅၀ဦး | ကျား+မ | ၈၀ သိန်း | |
| ၃။ | လမိုင်းကော့ | စာသင်ကျောင်း မူလတန်း (အကာ) | အလျား ၉၀ အနံ ၃၀ | ကျောင်းသား + ကျောင်းသူ ၁၀၀ ကျော် | ကျား+မ | ၈၀ သိန်း | |
| ၄ | အင်းရှည်ကွင်း | ရေ (လက်တူးတွင်း) ကာဖြစ်ရေဖြန့် ၆၀ | ၁ တွင်း | တစ်ရွာလုံး | ကျား+မ | ၁၂၀ သိန်း | |
| ၅။ | အ.ထ.က-တကူ အုပ်စု | ဖြန့်ဝေလိုင်း (အ.ထ.က) စာသင်ကျောင်း | [illegible] | ကျောင်းသား ကျောင်းသူ အားလုံး | ကျား+မ | ၂၈ သိန်း | |
| ၆။ | ဝင်းနားကျေးရွာ | စာသင်ကျောင်း မူကြိုအကျက် မူလတန်း | အလျား ၁၂၀ အနံ - ၃၀ | ကျောင်းသူ/ သား - ၁၀၀ဦး | " | ၇၀ သိန်း | |
| ၇။ | ကော့တော်ရွာ | စာသင်ကျောင်း မူကြိုအကျက် မူလတန်း | အလျား-၉၀ အနံ - ၃၀ | ကျောင်းသူ/သား ၈၀ဦး | " | ၈၀ သိန်း | |
| ၈။ | တကူယယ် | လျှပ်စစ်မီး | ကီလို ၁၀ | တစ်ရွာလုံး | " | ၈၀ သိန်း | |
| ၉။ | ကိုးအင်း | စာသင်ကျောင်း လမ်း | အလျား-၁၀၀ အနံ - ၆ | ကျောင်းသူ/သား ၁၀၀ ဦး | " | ၈၀ သိန်း | |
| ၁၀ | ကျောက်ကျစ် | စာသင်ကျောင်း မူကြိုအကျက်မူလတန်း | အလျား ၁၂၀ အနံ - ၃၀ | ကျောင်းသူ/သား ၁၅၀ ဦး | " | ၇၅ သိန်း | |
| ၁၁ | တိုက်ကာမ် | ဆေးခန်း သွားလမ်း ပေ(၄၀၀) | အလျား-၄၀၀ အနံ ၁၀ | လူဦး-၆၇ ၉၀% | " | ၅၀ သိန်း | |
| ၁၂ | သံတိုက် | ပေါင်းကူး ရေလွှဲ မြောင်းကာမ်း သွားလမ်း | ပေါင်းကူး ၃၃ ကမ်းသွားလမ်း အလျား ၃၀၀-၁၄၀ | လူဦး-၆၇ ၉၀% | " | ၁၀၀ သိန်း | |
| ၁၃ | မြရာချောင်း | စာသင်ကျောင်း မူလတန်း | အလျား-၉၀ အနံ - ၃၀ | ကျောင်းသား ကျောင်းသူ အားလုံး | " | ၉၀ သိန်း | |
| ၁၄ | ဖြည်ဈေး | လမ်း (ကျောက်ကုန်း) | အလျား ၁၀၆ အနံ - ၁၂ | လူဦး-၆၇ ၇၀% | " | ၈၄ သိန်း | |
| ၁၅ | ထံပယ်ကွင်း | စာသင်ကျောင်းမြင့် မူကြိုအကျက် | အလျား-၆၀ အနံ ၃၀ | ကျောင်းသား/သူ အားလုံး | " | ၈၅ သိန်း | |

# ၁၃။ အစည်းအဝေးတက်ရောက်သူများစာရင်း(ပုံစံ-၁၂)



( PC – 12 ) တက်ရောက်သူစာရင်းများအရ စုစုပေါင်း တက်ရောက်သူဦးရေမှာ အောက်ပါအတိုင်းဖြစ်သည်။

ယောက်ျားဦးရေ - 28 ဦး ။

မိန်းမဦးရေ - 35 ဦး ။

စုစုပေါင်းဦးရေ - 63 ဦး တို့ဖြစ်းပြီး လူမျိုးစုအားလုံးတို့သည် ဗမာ လူမျိုးများဖြစ်ကြသည်။

## အစည်းအဝေးမှတ်တမ်း

- မြရာချောင်းကျေးရွာ ပထမအကြိမ်အစည်းအဝေး မှတ်တမ်းများ-
- အချိန် - နံနက် ( 07:00) နာရီ။
- နေရာ - အ.မ.က (မြရာချောင်း) စာသင်ကျောင်း။
- နေ့ရက်- ( 5.4.2016) အင်္ဂါနေ့ ၊အစည်းအဝေးစတင်ချိန် နေ့လည် (07:00) နာရီမှာ စတင်ခဲ့ပြီး ၊ ညနေ (12း00)နာရီ အချိန်တွင် အစည်းအဝေး ပြီးဆုံး ခဲ့ ကြောင်း မှတ်တမ်းတင်နိုင်ခဲ့သည်။
- တာဝန်ကျ (CF) / (TF) များ--
- ဦးလင်းထိုက်
- ဦးချမ်းဦး
- ဒေါ်ဇင်မာဌေး
- ဒေါ်ဇင်မာစိုး

**၁၄။ VDP အရည်အသွေးထိန်းချုပ်မှု**

ထိန်းချုပ်သူ- ရက်စွဲ- ရွာ- VDP ရက်စွဲ-

မြို့နယ်- ကျေးရွာအုပ်စု-

(၁) VDP စာရွက်စတမ်းပြီးဆုံးမှုကိုစစ်ဆေးပါ၊ (OM အရ )

- မျက်နှာဖုံး (အဖုံး)

- မာတိကာ

- PSA အကျဉ်းချုပ်နှင့် PRA လုပ်ငန်းစဉ်

- အမျိုးသား/အမျိုးသမီးအဖွဲ့များ၏ အခက်အခဲများ

- ကျေးရွာမျှော်မှန်းချက် ( ဆွေးနွေးချက်ရလဒ်)

- အမျိုးသား/အမျိုးသမီးအဖွဲ့များသဘောတူထားသည့် နောင်လေးနှစ်အတွက် ဦးစားပေးလုပ်ငန်းများစာရင်း (အခြေခံအဆောက်အဦး၊အသက်မွေးမှု၊ ပညာရေး၊ လူမှုရေးထိန်းသိမ်းမှု---)

**နောက်ဆက်တွဲများ-**

- လူမှုရေးအကဲဖြတ်မှု စာရွက်စာတမ်းဓါတ်ပုံနှင့် PRA လုပ်ငန်းစဉ် (ဖြစ်နိုင်လျှင်)၊မြေပုံများပါရမည်။ စည်းစိမ်ပိုင်ဆိုင်မှုအဆင့် Venn ပုံ--

- ကျေးရွာစီမံကိန်းရေးဆွဲရေးအစည်းအဝေးမိတ္တူ

- ကျေးရွာ၏အချက်အလက် (PC -1)

- ကျေးရွာမျှော်မှန်းချက်

**(၂) လူမှုရေးအကဲဖြတ်မှုအရည်းအသွေးနှင့် VDP စစ်ဆေးပါ။**

- VDP တွင်ပါဝင်သောဦးရေ (အမျိုးသား/အမျိုးသမီး)-

- လူမှုရေးအကဲဖြတ်မှုအရည်းအသွေးနှင့် VDP ရက်ပေါင်း-

- PRA ပစ္စည်းများ အသုံးပြုသည့် အရေအတွက်-

- ပါဝင်သောဦးရေနှင့် လုပ်ငန်းများ မှတ်တမ်းမှတ်တမ်းတင်ခြင်း (အစည်းအဝေးမှတတ်တမ်း၊ အဖွဲ့ဓါတ်ပုံ၊ တိုင်းရင်းသားအနည်းစုနှင့် ထိခိုက်လွယ်သော အဖွဲ့များ)**- (ကောင်း)**

- လုပ်ငန်းများ မှတ်တမ်းတင်ခြင်းနှင့် အမျိုးသမီးအဖွဲ့အစည်းအဝေး၏ရလဒ်အားခွဲခြားပေးထားသလား။**(ရှိ)**

- စီမံကိန်းအရေအတွက် (အမျိုးသား/ အမျိုးသမီးရွေးချယ်မှုအရေအတွက်)-

- PRA နှင့် သက်ဆိုင်သော အခြားစီမံကိန်းအရေအတွက် (အမျိုးသား/အမျိုးသမီးရွေးချယ်မှုအရေအတွက်)

**VDP အရည်အသွေးထိန်းသိမ်းမှု (Checklist For VDP)**